# ကလေးငယ်များနှင့်ကလေးများတွင် လိင်အသွင်အပြင် အပြောင်းအလဲများ

## မိဘများအတွက် အချက်အလက်များ

ဤအချက်အလက်စာရွက်ကို သင့်အား ပေးခဲ့ပါသည် အဘယ်ကြောင့်ဆိုသော် သင့် ကလေးငယ် သို့မဟုတ် ကလေးအား လိင်အသွင်အပြင် အပြောင်းအလဲ ရှိကြောင်း ရောဂါ ဖော်ထုတ်ခံခဲ့ရသောကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာ သင့်ကလေးသည် သဘာဝအလျောက် ဖြစ်လျက်ရှိသည့် အသွင်အပြင်ဖြင့် မွေးဖွားလာသည်၊ ၎င်းမှာ အဖို သို့မဟုတ် အမ ခန္ဓာကိုယ် အတွက် သမားရိုးကျ သတ်မှတ်ပြောဆိုရန် အကျုံးမဝင်ပါ။

ဤကွဲပြားခြားနားမှုများကို တစ်ခါတစ်ရံ၌ 'ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ', 'လိင် ဖွံ့ဖြိုးမှု ကွာခြားမှုများ' သို့မဟုတ် 'မျိုးပွားအင်္ဂါ ဖွံ့ဖြိုးမှုနှင့်ဆက်စပ်သည့် အခြေအနေများ' အဖြစ်လည်း ရည်ညွှန်းကြပါသည်။ အမျိုးမျိုးသော လူတို့သည် အမျိုးမျိုးသော ဝေါဟာရများကို ရည်ညွှန်း အသုံးပြုကြပါသည်။ ဤအချက်အလက်စာရွက်အတွက် ကျွန်ုပ်တို့သည် 'ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ' ကို အသုံးပြုပါမည်။

လူများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်သည့် ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ အခု 30 ကျော်ရှိပါသည်။ ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများသည် ခရိုမိုဇုန်းဆိုင်ရာခြားနားမှု၊ ဟော်မုန်းဆိုင်ရာခြားနားမှု နှင့်/သို့မဟုတ် ခန္ဓာဗေဒဆိုင်ရာခြားနားမှုတို့ကြောင့် ဖြစ်ပွားနိုင်ပါသည်။ ၎င်းတို့တွင် X လိင်ခရိုမိုဇုန်း နှင့် Y လိင် ခရိုမိုဇုန်း ပေါင်းစပ်မှုအမျိုးမျိုး၊ တစ်ဦး သို့မဟုတ် အခြားသူ၏ လိင်နှင့် သမားရိုးကျအားဖြင့်ဆက်စပ်သည့် ဟော်မုန်း အတိုင်းအဆအမျိုးမျိုး သို့မဟုတ် တုံ့ပြန်မှုများ အပြင် သာမန်ထက် အနည်းငယ် ကွာခြားနေသည့် လိင်အင်္ဂါတို့ ပါဝင်နိုင်ပါသည်။

လိင် အသွင်အပြင် အပြောင်းအလဲများ အချို့ကို မမွေးဖွားမီ၊ မွေးဖွားချိန် သို့မဟုတ် ကိုယ်ဝန်ဆောင်စဉ်အတွင်း သိရှိရန် ဖြစ်နိုင်ပါသည်။ တစ်ချို့မှာ ကြီးကောင်ဝင်ချိန်၌ ထင်ရှားလာကြသည်၊ အထူးသဖြင့် မျိုးပွားမှုဆိုင်ရာ လုပ်ဆောင်ချက်များ၌ ကွာခြားမှုများနှင့် ပတ်သက်နေသူတို့တွင် ဖြစ်ပါသည်။ အခြားသော အပြောင်းအလဲများကို လူတစ်ဦး၏ ဘဝ တစ်သက်တာအတွင်း မသိရှိနိုင်ပါ။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများရှိသည့် လူအချို့သည် လိင် အဖို သို့မဟုတ် အမ ၏ လိင်အသွင်အပြင် သမားရိုးကျ ဖွံ့ဖြိုးမလာကြပါ၊ အချို့မှာ အဖိုအမ နှစ်မျိုးလုံး တွဲလျက်ရှိကြပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ သင့်ကလေးကို ယောက်ျားလေး တစ်ဦးအဖြစ် သို့မဟုတ် မိန်းကလေး တစ်ဦးအဖြစ် မွေးမြူထိန်းကျောင်း ရပါလိမ့်မည် (မွေးမြူထိန်းကျောင်းခဲ့ရသည်)။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ ရှိသည့်လူအများစုအတွက် ၎င်းတို့၏အပြောင်းအလဲကို နေ့စဉ် လူမှုရေးရာ အပြန်အလှန် ဆက်ဆံရေးများတွင် အခြား သူများ အပေါ် မပေါ်လွင်ပါ သို့မဟုတ် အခြားသူများ သတိမပြုမိပါ။

သင့်ကလေး၏ ဖိုမ လိင်အင်္ဂါနှစ်မျိုး အပြောင်းအလဲသည် သူတို့၏ လိင်အမျိုးအစား တည်ရှိမှု (အဖို သို့မဟုတ် အမ အဖြစ်သူတို့၏ အတွင်း စိတ်ခံစားမှု) နှင့် သူတို့၏ လိင်ယှဉ်ပါးမှု (မည်သည့်လိင်အပေါ် စိတ်ဝင်စားမှု) တို့အပေါ် ကွာခြားမှုရှိသည်။ ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများရှိသည့် လူအများစုသည် အဖိုအဖြစ်ဖြစ်စေ သို့မဟုတ် အမအဖြစ်ဖြစ်စေ တည်ရှိကြပြီး ဆန့်ကျင်ဖက်လိင်ကို စိတ်ဝင်စားသည်။ ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ အပါအဝင် ဤလက္ခဏာများကို လူမှု အသိုင်းအဝိုင်းအတွင်း တစ်ဦးတစ်ယောက်အနေဖြင့် ကြိုတင်၍ မခန့်မှန်းနိုင်ပါ၊ သင့်ကလေးကိုယ်တိုင်ကသာလျှင် မိမိ၏ အလိုရှိသည့်လိင်နှင့် လိင်တည်ရှိမှုကို သိနိုင်မည်ဖြစ်ပါသည်။

## ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများသည် မည်မျှအဖြစ်များသနည်း။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ ရှိကြသည့်လူအရေအတွက်နှင့်ပတ်သက်သည့် အားထားရသောအချက်အလက်ကို များစွာသော အကြောင်းရင်းများကြောင့် ရယူရန် ခက်ခဲပါသည်၊ မြောက်မြားစွာသော အပြောင်းအလဲများမှာ လူတစ်ဦး၏ ဘဝ တစ်သက်တာ တစ်လျှောက် မသိရှိရခြင်း အကြောင်းရင်း အပါအဝင် ဖြစ်သောကြောင့်ဖြစ်သည်။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများသည် လူများ ထင်ထားနိုင်သည်ထက် ပိုမိုများပြားကြပါသည်၊ အကြမ်းအားဖြင့် ဆံပင်အနီရောင်ရှိသည့်လူများ အရေအတွက် နှင့် အတူတူဖြစ်ပါသည်။ ခန့်မှန်းခြေအားဖြင့် ကလေးများ၏ တစ် သို့မဟုတ် နှစ် ရာခိုင်နှုန်းသည် လိင်အသွင်အပြင် အပြောင်းအလဲများ ပုံစံအချို့ဖြင့် မွေးဖွားလာ ကြောင်း ခန့်မှန်းကြပါသည်။ ၎င်းတို့အနက် အရေအတွက်အချို့မှာ လိင်ဖွံ့ဖြိုးမှု အပြောင်းအလဲ အနည်းငယ် ပါဝင်ကြသည်၊ ၎င်းကြောင့် အစဉ်တစ်စိုက် ကျန်းမာရေး လိုအပ်ချက်များ သို့မဟုတ် ကျန်းမာရေးစနစ်နှင့် ရေရှည် အပြန်အလှန် သက်ရောက်မှုများ ဖြစ်ပေါ်မည် မဟုတ်ပါ။

ရောစပ်ပူးတွဲနေသည့် လိင်ခရိုမိုဇုန်း အပြောင်းအလဲများဖြစ်သည့် Klinefelter မူမမှန်သောနာမကျန်းမှု၊ Triple X မူမမှန်သောနာမကျန်းမှု နှင့် Turner မူမမှန်သောနာမကျန်းမှုတို့သည် အများဆုံး ရောဂါဖော်ထုတ်ခံရပါသည်။ တစ်မျိုးတစ်မည် (မူမမှန်သော) အမြင်ရှိသည့် လိင်အင်္ဂါများနှင့်ဆက်စပ်နေသည့် ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲ များသည် အဖြစ်နည်းပါသည်။

VICTORIA State Government | Health and Human Services

## ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများကို ကုသမှု လိုအပ်ပါသလား။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများ ရှိကြသည့်လူအများစုသည် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ကျန်းမာကြပြီး ပျော်ရွှင်ကာ အောင်မြင်သည့် ဘဝများဆီသို့ ဦးတည်ကြပါသည်။ သီးခြား ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများနှင့်ဆက်စပ်သည့် အချို့သော ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် သိမြင်မှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပြဿာများ ရှိတတ်ပါသည်။ သင့်ကလေးအတွက် အကောင်းဆုံး စောင့်ရှောက်မှုနှင့်ကုသမှုတို့နှင့်ပတ်သက်၍ အကြောင်းအရာသိရှိပြီးမှချမှတ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အလို့ငှါ သင့်ကလေး၏ သီးခြား ဖိုမလိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲနှင့် ဆက်စပ်သည့် ပြဿနာများနှင့် အန္တရာယ်များကို အပြည့်အဝ နားလည်ရန်အတွက် တိကျသော သတင်းအချက်အလက်များကို လက်ခံရရှိရန် အရေးကြီးပါသည်။

အကယ်၍ သင်သည် သင့် မွေးကင်းစအရွယ် ကလေးငယ်အား ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများဖြင့် ရောဂါဖော်ထုတ်ခြင်းကို လက်ခံရရှိလျှင် သင့် ကလေးငယ်အား မိန်းကလေးအဖြစ်ဖြင့် သို့မဟုတ် ယောက်ျားလေးအဖြစ်ဖြင့် မွေးမြူထိန်းကျောင်းရန်အတွက် ဆုံးဖြတ်ရန်မှာ အရေးကြီးသော ဆုံးဖြတ်ချက် တစ်ခု ဖြစ်သည်။ သင့် ကျန်းမာရေး အတတ်ပညာရှင်အဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်ရေး၌ သင့်အား ပံ့ပိုးပေးနိုင်ပါသည်။ သို့သော် ၎င်းသည် ယခုကာလအတွက်သာ ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်လည်းဖြစ်သည်။ သင့်ကလေးသာလျှင် သူတို့ အဖို သို့မဟုတ် အမ အဖြစ်ဖြင့် ရပ်တည်လိုကြောင်း သိမည်ဖြစ်သည်။

အကယ်၍ သင်သည် ကြီးသောကလေးတစ်ယောက်အား ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲဖြင့် ရောဂါဖော်ထုတ်ခြင်းကို လက်ခံရရှိလျှင် ယင်းအချိန်၌ သင့်ကလေးအား ယောက်ျားလေးအဖြစ်ဖြင့် သို့မဟုတ် မိန်းကလေးအဖြစ်ဖြင့် မွေးမြူထိန်းကျောင်းနေလျက်ရှိနေပြီဖြစ်မည်။ အချို့သော အခြေအနေများ၌ သူတို့၏ လိင်အပြောင်းအလဲသည် သူတို့၏ ကြီးကောင်ဝင်ချိန် ဖွံ့ဖြိုးမှု သို့မဟုတ် သူတို့၏ လိင်အမျိုးအစား ရပ်တည်မှု အပေါ် သက်ရောက်မှု ရှိကောင်း ရှိနိုင်ပါသည်။ ဤကိစ္စများကို သင့်ကလေးနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် ကျွန်ုပ်တို့ သင့်အား လေးလေးနက်နက် တိုက်တွန်းပါသည်။ သူတို့၏ လိင်ရွေးချယ်မှုများကို ပံ့ပိုးပေးခြင်းနှင့်အတည်ပြုပေးခြင်းသည် သူတို့၏ ကျန်းမာကောင်းမွန်ရေးအတွက် အလွန် အရေးကြီးပါသည်။

သင့်ကလေးငယ်ကိုယ်စား ကုသမှု ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ သင် အချိန်ယူရန် အရေးကြီးပါသည်။  အချို့သော ကုသမှုများကို ကုသပြီးမှပြန်ပြောင်း၍ မရနိုင်ပါ၊ မြောက်မြားစွာသော ကုသမှုများကို  သင့်ကလေးအနေဖြင့် မိမိ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များကိုချမှတ်ရန် လုံလောက်စွာ ကြီးပြင်းလာသည့်တိုင် ရွှေ့ဆိုင်း ထားနိုင်ပါသည်။

သင် အချိန် ယူပါ၊ အကြံဉာဏ် တောင်းခံပါ၊ ၎င်းအပြင် သင် သို့မဟုတ် သင့်ကလေးမှာ အဆင်သင့် မဖြစ်မီ ဆုံးဖြတ်ချက်များချမှတ်ရန် အသည်းအသန် စိတ်ပူနေခြင်းကို ရှောင်ရှားပါ။ ကုသမှုများကို သင့်ကလေးအနေဖြင့်  ဆုံးဖြတ်ချက်ချရာ၌ သူတို့ကိုယ်တိုင် ပါဝင်နိုင်လောက်အောင် လုံလောက်စွာ ကြီးပြင်း လာသည်အထိ ရွှေ့ဆိုင်းထားရန်မှာ ဖြစ်နိုင်ပါသည်။

ရုပ်ပုံ 1- မိဘများအတွက် လမ်းညွှန်ချက် အဆင့်ဆင့်

တိတိကျကျ ရောဂါဖော်ထုတ်မှုကို ရယူပါ။ သင့် ကလေး၏ လိင်အပြောင်းအလဲနှင့်ပတ်သက်၍ အချက်အလက်အပြည့်အစုံ ရယူပါ

↓

သင့်ကလေးကို ယောက်ျားလေးအဖြစ် သို့မဟုတ် မိန်းကလေးအဖြစ် မွေးမြူထိန်းကျောင်းပါ - သင် ဆုံးဖြတ်ရန်အတွက် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် အလားတူသူတို့၏ အကြံဉာဏ်သည် အထောက်အကူပြုနိုင်သည်

↓

သင့်တော်သော ဆွေးနွေးအကြံပေးခြင်း၊ အလားတူသူ ပံ့ပိုးအုပ်စုများနှင့် အခြား ပံ့ပိုးမှုများကို ရယူပါ၊ ၎င်းတို့သည် သင် နားလည်ရန်နှင့် သင့်ကလေး၏ သီးခြား အပြောင်းအလဲကို ဖြေရှင်းရန် ကူညီပေးနိုင်သည်

↓

အကယ်၍ ခွဲစိတ်ကုသမှုကို တိုက်တွန်းလျှင် အားလုံးသော ကုသမှုနည်းလမ်းများနှင့် ဒုတိယ တတ်ကျွမ်းသူအကြံဉာဏ်ကို ရှာဖွေပါ။

↓

သင့်ကလေးအား သူတို့ အဆင့်ဆင့် ကြီးပြင်းလာပြီး အချို့အယူအဆများကို နားလည်နိုင်သည့်အလျောက် သူတို့၏ ကိုယ်ခန္ဓာအကြောင်းကို ပြောပြပါ

↓

သင့်ကလေးသည် သူတို့၏ လိင်အပြောင်းအလဲကို သူတို့ ကြီးကောင်ဝင်ရောက်ချိန်၌ အပြည့်အဝ နားလည်ရန်နှင့် သူတို့၏ ကုသမှု၊ စောင့်ရှောက်မှု နှင့် အထောက်အပံ့ လိုအပ်ချက်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် သူတို့အား ပံ့ပိုးပေးကြောင်း သေချာစေပါ

**သတိပြုရန်-** *A guide for parents of children with atypical genitalia, 2016,* Androgen Insensitivity Syndrome Support Group Australia Inc., မှ မှီငြမ်းထားသည်၊ ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲများရှိသည့်လူများနှင့် ၎င်းသူတို့၏ မိသားစုများအတွက် အလားတူသူ ပံ့ပိုးမှု၊ သတင်းအချက်အလက်နှင့် ကိုယ်စားဆောင်ရွက်ပေးမှု <http://aissga.org.au/fact_sheets.htm>.

## လူများအား ကျွန်ုပ် ဘာပြောသင့်သလဲ။

ဖိုမ လိင်အင်္ဂါ နှစ်မျိုး အပြောင်းအလဲဖြင့် ရောဂါဖော်ထုတ်ခြင်းကို လက်ခံရရှိခြင်းသည် သင်နှင့်သင့်ကလေးအတွက် စိတ်သောကရောက်သောအချိန် ဖြစ်နိုင်ပါသည်။ ယုံကြည်စိတ်ချရသော အရင်းအမြစ်များမှ တိကျသော အချက်အလက်များနှင့် အရည်အသွေးကောင်းမွန်သော ပံ့ပိုးမှု လက်ခံ ရရှိခြင်းသည် ဤအချိန်၌ အရေးကြီးပါလိမ့်မည်။

သင့်ကလေး၏ ဖိုမ လိင်အင်္ဂါ အပြောင်းအလဲနှင့်ပတ်သက်၍ မိသားစုနှင့်မိတ်ဆွေများတို့နှင့်စကားပြောဆိုရာ၌ သင့်တွင် အကောင်းအဆိုး ခံစားချက်များ ရောထွေးနေကောင်း ရောထွေးနေမည် သို့မဟုတ် သူတို့ မေးနိုင်သည့်မေးခွန်းများကို မည်သို့ဖြေဆိုရန် မရေမရာဖြစ်နေကောင်း ဖြစ်နေမည်။ သင့်ကလေးနှင့်သူတို့၏ ကိုယ်ရေးသီးခြားရှိမှုကို အကာအကွယ်ပေးရန်အတွက် သင့်ဆန္ဒနှင့် လျှို့ဝှက်မှုနှင့်အရှက်ကို ရှောင်ကြဉ်မည့် သူတို့၏အတွေ့အကြုံနှင့်ပတ်သက်သည့် ပွင့်လင်းမှုကို ဟန်ချက်ညီညီချိန်ဆရန်မှာ အချိန်ကြာကောင်း ကြာနိုင်ပါသည်။ သင်၊ သင့်ကလေးနှင့် သင့်မိသားစုတို့နှင့် အကောင်းဆုံး လိုက်ဖက်မည့်အရာကို လုပ်ရန်မှာ အရေးကြီးပါသည်။

သင့်ကလေး ကြီးပြင်းလာသည့်အလျောက် သူတို့၏ လိင်အပြောင်းအလဲ၊ သူတို့ကြုံတွေ့ကောင်းနိုင်သည့် ဆေးဘက်ဆိုင်ရာကုသမှုများ၊ နှင့် သူတို့အတွက် ရရှိနိုင်သော အမျိုးမျိုးသော နည်းလမ်းများနှင့် ရွေးချယ်မှုများတို့နှင့်ပတ်သက်သည့် အသက်အရွယ်နှင့်လိုက်ဖက်သည့် ရှင်းလင်းချက်များကို ရှင်းပြရန် အရေးကြီးပါလိမ့်မည်။

# ပိုမိုသိရှိလိုသော အကြောင်းအချက်အလက်များကို ကျွန်ုပ် မည်သည့်နေရာတွင် ရနိုင်သနည်း။

သင့်အား Royal Children's Hospital သို့မဟုတ် the Monash Children's Hospital သို့လွှဲပေးခြင်းအားဖြင့် ကူညီပံ့ပိုးပေးပါလိမ့်မည်၊ ၎င်းဆေးရုံတွင် သင်သည် ကျန်းမာရေး အတတ်ပညာရှင်များအဖွဲ့မှ ပံ့ပိုးမှုကို လက်ခံရရှိပါလိမ့်မည်။ သင့်မိသားစုနှင့်မိတ်ဆွေများထံမှ ကူညီပံ့ပိုးမှုတို့နှင့်တကွ သင်သည် အလားတူ အတွေ့အကြုံများ ရှိခဲ့သည့် အခြားလူများဖြင့်ဖွဲ့စည်းထားသော အထူးအလားတူသူ ပံ့ပိုးအုပ်စုများမှ အထောက်အပံ့ကိုလည်း ရှာဖွေနိုင်ကောင်းပါသည်။

ပိုမိုသိရှိလိုသော သတင်းအချက်အလက်များ အတွက် ဆက်သွယ်ရန်-

- Royal Children's Hospital ဆေးပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးသူအရာရှိ- (03) 9345 7033 သို့မဟုတ် (03) 9345 5522 (တယ်လီဖုန်းခလုတ်ခုံ)
- Monash Hospital ဆီးလမ်းကြောင်းလိုင်ဆိုင်ရာ ဌာန- (03) 9594 4723
- AISSGA (Androgen Insensitivity Syndrome Support Group Australia): http://www.aissga.org.au
- Australian X and Y Spectrum Support (AXYS) <https://axys.org.au>
- CAH Support Group Australia <http://www.cah.org.au>
- Genetic Support Network Victoria <https://www.gsnv.org.au>
- Intersex Human Rights Australia <https://ihra.org.au>
- Turner Syndrome Association of Australia <https://www.turnersyndrome.org.au>.

---

ဤစာစောင်ကို မသန်မစွမ်းမှုရှိသူအတွက်ပုံစံဖြင့် လက်ခံရယူရန်အတွက် email DHHS diversity သို့အီးမေးပို့ရန်<diversity@dhhs.vic.gov.au

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။
© ဗစ်တိုးရီးယားပြည်နယ်၊ ကျန်းမာရေး နှင့် လူမှုဝန်ဆောင်မှုများ ဌာန၊ မတ်လ 2019 ခုနှစ်
ISBN 978-1-76069-686-3 (pdf/online/MS word) ISBN 978-1-76069-753-2 (Print)
Health of people with intersex variations <https://www2.health.vic.gov.au/about/populations/lgbti-health/health-of-people-with-intersex-variations တွင်ရရှိနိုင်သည်။
Printed by TDC3, Richmond (1810017 banner)